လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter **သတင်းလွှာ** September 2024

## ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပခြင်း




**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်** **နေပြည်တော်**

မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသောရေဘေးကြောင့် ရေဘေးဒဏ်သင့် ခဲ့ရသည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက ငွေကျပ်သန်းပေါင်း ၃၂၂၃၀ (ငွေကျပ် ၃၂ ဒသမ ၂ ဘီလီယံ) ကျော် ပေးအပ်လှူဒါန်းပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် နေပြည်တော်၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ကျင်းပပြုလုပ်သည့် အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် စိတ်စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသည့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အပေါင်းကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ အထူးကျေးဇူးတင်ရှိပါကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် မုန်တိုင်းသည် အလွန်အင်အားပြင်းထန်သည့်မုန်တိုင်း တစ်ခုဖြစ်ပြီး ထိခိုက်ပျက်စီးမှုများသည်လည်း အလွန်များပြားခဲ့ပါကြောင်း၊ မုန်တိုင်းဟိုင်နန်ကျွန်းသို့ ဖြတ်ကျော်ချိန်တွင် ပြင်းထန်မှုရှိသည်ကို နိုင်ငံတကာမှ ထုတ်ပြန်သည့် သတင်းများအရသိရှိခဲ့ပါကြောင်း၊ အတွေ့အကြုံများအရ ဗီယက်နမ်နိုင်ငံတွင် မုန်တိုင်းဝင်ပြီး ၂ ရက်ခန့်အကြာတွင် မိမိတို့နိုင်ငံ၊ ရှမ်းပြည်နယ်အတွင်း၌ ပုံမှန်မိုးရွာသွန်းမှုများ

ဖြစ်ပေါ်လေ့ရှိသော်လည်း ယခုအတိုင်း အတာအထိ ဖြစ်မည်ဟု မမျှော်မှန်းခဲ့ကြပါကြောင်း၊ တစ်ချိန်တည်းတွင် ဘင်္ဂလားပင်လယ်အော် ၌လည်း လေဖိအားနည်းရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေခဲ့ပါကြောင်း၊ ယင်းတို့၏ အရှိန်များ ကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နေပြည်တော် ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ တို့ရှိ မြို့နယ်အချို့တို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုကဲ့သို့ မိုးသည်းထန်စွာ အဆက် မပြတ်ရွာသွန်းခဲ့မှုများကြောင့် တောင်ကုန်းတောင်တန်း များပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခဲ့ပြီး ရေစီးဆင်းရာလမ်းကြောင်းများတစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါ ကြောင်း၊ ယခုကြုံတွေ့ခဲ့ရသည့် ရေဘေးကြုံတွေ့ခဲ့ရသည့် ဒေသများတွင် လွန်ခဲ့သောနှစ်ပေါင်း ၅၀ အတွင်း ယခု ကဲ့သို့ ဆိုးရွားသည့် အခြေအနေ မကြုံတွေ့ခဲ့ရပါကြောင်း၊ ညအချိန်မိုးရွာသွန်းမှု များပြားပြီး ရုတ်တရက် တောင်ကျ ရေများ အလုံးအရင်းဖြင့် စီးဆင်းလာခဲ့သဖြင့် ထိခိုက်မှု များပြားခဲ့ရခြင်း ဖြစ်ပါကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်း ခဲ့မှုကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ၉ ခုတွင် ၆ ပုံ ၁ ပုံ (၁၆ ရာခိုင်နှုန်း) ခန့် ရေကြီးခဲ့ပါကြောင်း၊ ယနေ့ရရှိသည့် စာရင်းများအရ လုံးဝပျက်စီးသွားသည့် အဆောက်အဦ ပေါင်း ၂၁၄၉ လုံး၊ တစ်စိတ် တစ်ပိုင်း ပျက်စီးခဲ့သည့် အဆောက်အဦပေါင်း ၃၄၅၅ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့် အဆောက် အဦပေါင်း ၁၃၆၀၂၃ လုံး စုစုပေါင်း ၁၄၁၆၂၇ လုံးနှင့် စာသင်ကျောင်းပေါင်း ၅၄၆ ကျောင်းရေဝင် နစ်မြုပ် ပျက်စီးခဲ့ပါကြောင်း၊ ထို့ပြင် လူဦးရေ ၁၄၈၆၄၃ ဦး ရေဘေးဒုက္ခရောက်ခဲ့ပြီး ၃၈၄ ဦး သေဆုံးခဲ့ပါကြောင်း၊ ဘာသာရေးနှင့်ပတ်သက်ပြီး ၄၃၅ ကျောင်း ပျက်စီးခဲ့ပါ ကြောင်း၊ လမ်းတံတား ၅၃၃ ခု ရေမျောပျက်စီးခဲ့ပါ ကြောင်း၊ လျှပ်စစ်မီးတိုင် ၂၄၈၉ ခု၊ ဆက်သွယ်ရေး တာဝါတိုင် ၉၉ ခု၊ တိရစ္ဆာန် သေဆုံးမှု ၁၄၄၉၉၈ ကောင်၊ စပါးစိုက်ဧက ၇၃၅၄၆၁ ဧက ပျက်စီးခဲ့သည်ကို တွေ့ရှိရ ပါကြောင်း၊ ယခုအချိန်သည် အားလုံးအတွက် အခက်အခဲ များ ကိုယ်စီဖြစ်ပေါ်လျက်ရှိသည့် အချိန် ဖြစ်သော်လည်း အလှူငွေများများစွာ ထည့်ဝင်ခဲ့ကြသည်ကို တွေ့ရှိရသည့် အတွက်များစွာ ဝမ်းမြောက်ရပါကြောင်း၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် များစွာ အထောက်အကူ ဖြစ်စေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်

အစိုးရအနေဖြင့် ရေဘေးကူညီ ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများအတွက် ငွေကျပ် ဘီလီယံ ၃၀ သုံးစွဲရန် လျာထားပြီး ယခု လှူဒါန်းသည့် စေတနာရှင်၊ အလှူရှင်များ၏ အလှူငွေများဖြင့်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဘာဝဘေးဒဏ် ဆိုသည်မှာ ဖြစ်ပွားပြီးပါက အမြန်ဆုံး ပြန်လည်ထူထောင် မှုပြုရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ မိမိအပါအဝင်နိုင်ငံတော် အစိုးရမှ တာဝန်ရှိသူများအနေဖြင့် သဘာဝဘေးဒဏ် များဖြစ်ပေါ်ခဲ့သည့် နေရာများသို့ သွားရောက်၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခင်နှစ်က ဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်ပြီး ချိန်တွင် မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ရေဝင်ရောက်မှု များဖြစ်ပေါ်ခဲ့သည့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ တို့သို့ သွားရောက်၍ လိုအပ်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေရှိဘုရား၊ စေတီပုထိုးများသည် အဖိုးမဖြတ် နိုင်သည့် အမွေအနှစ်များဖြစ်သဖြင့် စနစ်တကျဖြင့် ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားရန် လိုအပ် ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရေထွက် ကောင်းမွန် စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် စိမ်းလန်း စိုပြေရေးတို့အတွက် ရှေးဟောင်းရေကန်များ ပြန်လည် တူးဖော်ခြင်း၊ ရေထုတ်စနစ်များ ဖော်ဆောင်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သဖြင့် ယခုမိုးသည်းထန်စွာ ရွာသွန်းခဲ့ချိန် တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီး မှုနည်းခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ မိမိတို့နိုင်ငံရှိ မြစ်ချောင်းများတွင် ကြမ်းခင်း (Bed Level) များမှာ မြင့်တက်လျက်ရှိသည် ကိုတွေ့ရှိရပြီး သဲနုန်းများအနည်ချမှု များပြားလာခြင်းကြောင့် ဖြစ်ပါ ကြောင်း၊အချို့နေရာများတွင် တရားမဝင်သစ်ထုတ်လုပ် မှုများရှိခြင်းနှင့် သစ်လုပ်ငန်းများမှ ထုတ်လုပ်သည့် သစ်များကိုအချိန်မီ သယ်ယူနိုင်ခြင်းမရှိခြင်းတို့ကြောင့် ရုတ်တရက် မိုးအဆက်မပြတ်ရွာသွန်းပြီး ရေများကျဆင်း လာချိန်၌ ပျက်စီးမှုများကို ပိုမိုများပြားစေခဲ့ပါကြောင်း၊ ရေကြီးရေလျှံမှုများကြောင့်စိုက်ပျိုးဧက ၇ သိန်းခန့်ပျက်စီး

ခဲ့ပြီး ပြန်လည်စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အချို့လယ်ယာများမှာ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ပြုပြင်မှုများများစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရန် အဆင်မပြေတော့သည့် စိုက်ကေများ၌ နှမ်းသီးနှံများကိုစိုက်ပျိုးသွားရမည် ဖြစ်ပါကြောင်း၊ ပညာရေး နှင့်ပတ်သက်၍လည်း ရေဘေးသင့်ဒေသများရှိ ပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်နိုင်ရန်အတွက် မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားများအားလုံးအတန်းနှင့် လျော်ညီသည့် စာတတ်မြောက်ရေး ဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ကျောင်းများနှင့်ပတ်သက်၍လည်း ကူညီဆောင်ရွက်လိုပါက ကူညီဆောင်ရွက်ပေးကြစေလိုပါကြောင်း၊ပညာရေးနှင့်ပတ်သက်၍ ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများကို နိုင်ငံတော်အစိုးရမှ အမြန်ဆုံး ပြင်ဆင်တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် စာအုပ်များနှင့် စာရေးကိရိယာများကိုလည်း အလှူရှင်များအနေဖြင့် လှူဒါန်းနိုင်ပါကြောင်း၊ ယခုဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုသည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး လေပြင်းတိုက်ခတ်မှု မရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်နိုင်ရန်အတွက် ပြင်ဆင်မှုများကို ဆောင်ရွက်ထားရန်လိုကြောင်း၊ နေထိုင်မှုများ စည်းကမ်း တကျရှိပါက ထိခိုက်ပျက်စီးမှုများနည်းနိုင်မည်ဖြစ်ပြီး အမှိုက်များကို စည်းကမ်းမဲ့စွာ စွန့်ပစ်ခြင်းကြောင့် ရေစီးရေလာများကို ထိခိုက်စေနိုင်ပါကြောင်း၊ ထိုမှတဆင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေနိုင်သဖြင့် နေထိုင်မှုများ စည်းကမ်းတကျ ရှိစေရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုပါကြောင်း၊ ယနေ့ သဒ္ဓါတရားထက်သန်စွာနဲ့ လာရောက်လှူဒါန်းပေးကြတဲ့ အလှူရှင်များအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းပြည်ရဲ့လိုအပ်ချက်တွေ ရှိလာတဲ့အခါမှာလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်း လိုပါကြောင်း ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ဒုတိယဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြပါသည်။

## မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး(၁/၂၀၂၄) ကျင်းပခြင်း

မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၄) ကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၆) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်အဖွင့် အမှာစကားပြောကြားရာတွင် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းထားပြီးနောက် အမျိုးသားကော်မတီ အစည်းအဝေးကို ယခုပထမဆုံးအကြိမ် ကျင်းပပြုလုပ်ခြင်းဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ လုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၄)ကို (၈-၈-၂၀၂၄) ရက်နေ့တွင် အောင်မြင်စွာ ကျင်းပခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကော်မတီ အစည်းအဝေးများအား ပုံမှန်ခေါ်ယူကျင်းပရန်နှင့် လုပ်ငန်းဆောင်ရွက်ချက်များအား အမျိုးသားကော်မတီသို့ စုစည်းတင်ပြပေးရန်ဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ် ခံစားရသည့် မသန်စွမ်းသူများအား ကူညီထောက်ပံ့ပေးနိုင်ရေး၊ ပြန်လည် ထူထောင်ပေးနိုင်ရေးတို့အတွက် လိုအပ်သော အထောက်အကူပြု ပစ္စည်းများ ပြင်ဆင်ထားရှိရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့်မသန်စွမ်းသူများမှတ်ပုံတင်ခြင်း လုပ်ငန်းအား စီမံကိန်း

မြို့နယ် (၁၉) ခုတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးရှိမြို့နယ်အားလုံးကို လွှမ်းခြုံနိုင်စေရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တတိယအကြိမ် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာအမျိုးသားကော်မတီ နှစ်ပတ်လည်အစီရင်ခံစာကို မကြာမီဖြန့်ဝေသွားမည်ဖြစ်ပြီး စတုတ္ထအကြိမ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ဝေနိုင်ရေးအတွက်လည်း ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက် စေလိုပါကြောင်း၊ မသန်စွမ်းသူများ အရေးဆောင်ရွက်ရာတွင်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။



**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် နေပြည်တော်**

ထို့နောက် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ တွဲဖက် အတွင်းရေးမှူး၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး (၁/၂၀၂၃) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေအား ရှင်းလင်းတင်ပြခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုခြင်း

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ (International Day for Disaster Risk Reduction – IDDRR) အထိမ်းအမှတ် အဖြစ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၅) ရက်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပပြုလုပ် ရာ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အခြေခံ ပညာ အထက်တန်းကျောင်း(၃၉)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ(၈၀)ဦး တို့က “အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့” ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးခဲ့ကြပါသည်။



**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်** **နေပြည်တော်**

ငှင်းယှဉ်ပြိုင်သူများအနက်မှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများနှင့် ပြိုင်ပွဲဝင် ကျောင်းသား/သူများကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားနေ့၌ ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့် ပေးသွားမည် ဖြစ်ပါသည်။

## နေပြည်တော်အတွင်းရှိ ရေဘေးရှောင်ပြည်သူများအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း



**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့တွင် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊

ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့မှ ရာဂီမုန်တိုင်းအရှိန်ကြောင့် မိုးကြီးကာ ရေနစ်မြုပ်နေသည့် ကျေးရွာများမှ ပြည်သူများ ယာယီရေဘေးရှောင်လျက်ရှိသော ပျဉ်းမနားမြို့နယ်၊ မင်္ဂလာဗျူဟာ သာသနာ့ဗိမ္မာန်နှင့် အောင်စည်သာဘုန်းတော်ကြီး ကျောင်းတို့တွင် ဖွင့်လှစ်ထားရှိသည့် ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုပြီး အားပေးစကားများ ပြောကြားခဲ့ကာ ဆန်ရိက္ခာဖိုးနှင့် ခေါက်ဆွဲခြောက်ထုပ်များ စုစုပေါင်း တန်ဖိုးငွေ ကျပ် (၄၇.၉၀၈) သိန်း ထောက်ပံ့ခဲ့ပါသည်။

ဆက်လက်၍ပြည်ထောင်စုနယ်မြေ၊နေပြည်တော် အတွင်း ရေဘေးရှောင်ပြည်သူများအတွက် ဦးစိုးနိုင်နှင့် ဒေါ်အေးအေးခိုင် "အေးအေးခိုင်" ကျောက်မျက်ကုမ္ပဏီ မိသားစုမှ ငွေကျပ်သိန်း (၃၀၀) တန်ဖိုးရှိ ဆန် (၂၄) ပြည်အိတ် (၃၀၀) အိတ်၊ MSG Co.,Ltd ဥက္ကဋ္ဌ ဦးရဲရင့်အောင်မိသားစုမှ ငွေကျပ်သိန်း (၂၀၀) တန်ဖိုးရှိ ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ဆေးဝါးများ၊ ထာဝရဝိန့်စိန် စိန်ရွှေရတနာရွှေဆိုင်မှ ငွေကျပ်သိန်း (၅၀) တို့အား ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော် ကောင်စီဥက္ကဋ္ဌ တို့က လက်ခံရယူခဲ့ပါသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဒေါက်တာအေးခိုင်ညွန့် မိသားစုတို့က နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်မရှိ ခဏာဘုန်းကြီးကျောင်းရှိ ယာယီရေဘေးရှောင်စခန်းမှ ရေဘေးရှောင် ပြည်သူများအတွက် နေ့လည်စာထမင်းဘူး (၃၀၀) ဘူး၊ အိမ်ချက်ကုလားပဲ ဟင်းဘူး (၁၀၀) ဘူးနှင့် လူ (၄၀၀) ဦးအတွက် အဝတ် အထည်များအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထာရေး ဝန်ကြီးဌာနမှ တစ်ဆင့် ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရှိ ရေဘေးရှောင် ပြည်သူများအား တွေ့ဆုံအားပေးခြင်း




**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်** **ပဲခူးတိုင်း**

အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၅) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ သဘာဝဘေး ကွပ်ကဲမှုရုံးဖွင့်လှစ်ထားသည့် သာသနာ့ဗိမာန်တွင် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှတာဝန်ရှိ အရာရှိကြီးများ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း လူမှုကူညီရေးအသင်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့ရာ တာဝန်ရှိသူ

များက စက်တင်ဘာလ (၁၁) ရက်နေ့ ရေကြီးရေလျှံမှု စတင်ဖြစ်ပေါ် ချိန်မှစ၍ ကြိုတင်ရွှေ့ပြောင်းခြင်းကို ဦးစား ပေးဆောင်ရွက်ခဲ့မှု၊ ယာယီရေဘေးရှောင်စခန်းများသို့ ရောက်ရှိချိန်၌ စားဝတ်နေရေး အဆင်ပြေစေရန် စခန်း အလိုက် နေ့စဉ်ချက်ပြုတ် ကျွေးမွေးနေမှု၊ ရေသန့်စက် တင်ယာဉ်ဖြင့် စခန်းအသီးသီးသို့ နေ့စဉ် သောက်ရေ/ သုံးရေများ ဖြန့်ဝေပေးနေမှုတို့အား ရှင်းလင်း တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးကအမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၏လမ်းညွှန်ချက်များ အား ထပ်ဆင့်အသိပေးကာ လိုအပ်သည်များ ညှိနှိုင်း ပေါင်းစပ်ပေးခဲ့ပါသည်။

ထို့နောက် အထက (၃) ၊ အထက (၇) နှင့် ရွှေဆံတော်ဘုရား အောင်မင်္ဂလာခန်းမတို့တွင် ဖွင့်လှစ် ထားသည့် ယာယီရေဘေးရှောင်စခန်းများရှိ ရေဘေးသင့် ပြည်သူများနှင့် တွေ့ဆုံ၍ နှစ်သိမ့်အားပေးစကားပြောကြား ကာ စခန်းတွင်ရောက်ရှိနေခိုက် အခြေခံစားကုန်များ ရရှိ နိုင်ရေး အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ နိုင်ငံတော်အနေဖြင့် ရေဘေးသင့်ပြည်သူများ၏ အခြေခံ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက် ပေးမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်စီမံ ခန့်ခွဲမှုဆိုင်ရာ အစိုးရ တာဝန်ရှိသူများ၏ ညွှန်ကြားချက်များအတိုင်း စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဘေးဒဏ် ကြံ့ကြံ့ခံနိုင်မှုကို လက်တွေ့မြင်တွေ့ပြီးဖြစ်၍ နောင်တွင် လည်း ယင်းအတိုင်း ဆောင်ရွက်ကြစေလိုပါကြောင်း၊ သဘာဝဘေးလျော့ပါးရေးအတွက် ပြည်သူများအနေဖြင့် သဘာဝဘေးနှင့် ဆက်နွယ်သည့် အသိပညာများ ပြည့်စုံရန် လိုအပ်သဖြင့် အချင်းချင်း လက်ဆင့်ကမ်း ပြောကြားကြစေလိုပါကြောင်း၊ ဘေးအန္တရာယ်ကျရောက် ချိန်တွင် စုပေါင်းညီညာစွာဖြင့် တုံ့ပြန်ဆောင်ရွက်ခဲ့မှု အတိုင်း ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက် ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ကြစေလို ပါကြောင်း မှာကြားခဲ့ပါသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာဖိုး ထောက်ပံ့ခြင်း၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ကလေးငယ်များ အတွက် မုန့်များထောက်ပံ့ခြင်း၊ ချက်ပြုတ်ကျွေးမွေးသည့် နေရာများ၊ သောက်ရေ/သုံးရေ စီစဉ်ဆောင်ရွက်ပေး နေမှုများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးနေခြင်းများ အား စစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးခဲ့ပါသည်။

ထို့အတူ (၁၅-၉-၂၀၂၄) ရက်နေ့တွင် ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး (ငြိမ်း) နှင့်ဇနီး ဒေါ်မြမြစန်း မိသားစုမှ ပျဉ်းမနားမြို့၊ အုန်းတောပရိယတ္တိ စာသင်တိုက် ရှိ ရေဘေးသင့်ပြည်သူများအတွက် ထမင်းဗူး (၃၀၀) ဗူး အားလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် နှင့် ဒေါက်တာအေးခိုင်ညွန့် မိသားစုတို့က ပြည်ထောင်စု နယ်မြေ၊ နေပြည်တော်အတွင်းရှိ သီရိမင်္ဂလာဥသျှစ်ကုန်း ကျောင်းတိုက်နှင့်လှေခွင်းတောင်၊တောင်ခြေကယ်ဆယ်ရေး စခန်းတို့ရှိရေဘေးသင့်ပြည်သူများအတွက်မာမီးမွန်းစတား အသင့်စား ၁၈၀ ပါကင်၊ မာမီးခေါက်ဆွဲထုတ် (၃၀) ထုတ် ပါ (၁၂) ဖာ၊ အအေးဘူး (၂၀၄) ဘူး၊ VIgo အသင့်စား ကွေကာ (၂၄) ပါကင်ပါ (၂) ဖာ၊ ထမင်းဟင်းဘူး (၃၀၀) ဘူးတို့အား (၁၄.၉.၂၀၂၄) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထာရေးဝန်ကြီးဌာနမှ တစ်ဆင့် ထောက်ပံ့လှူဒါန်းခဲ့ပါသည်။

## မြန်မာနိုင်ငံ ရေဘေးဒဏ်သင့်ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရနှင့် AHA Centre တို့မှ လူသားချင်းစာနာမှုအကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်း

တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂီ တိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ရေဘေးဒဏ် ခံစားရသည့် ဒေသများအတွက် အိန္ဒိယနိုင်ငံအစိုးရမှ လူသားချင်း စာနာထောက်ထားမှု အကူအညီများဖြစ်သော အစားအသောက်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း၊ တာပေါ်လင်နှင့် ဆေးဝါးများကို အိန္ဒိယလေတပ်မှ သယ်ယူပို့ဆောင်ရေးလေယာဉ် IL-76 ဖြင့် ပေးပို့ခဲ့ပါသဖြင့် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပစ္စည်းများ လွှဲပြောင်းပေးအပ် ခြင်း အခမ်းအနားကို ကျင်းပခဲ့ရာ အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr.

Shri Abhay Thakur က လူသားချင်းစာနာထောက်ထားမှု အကူအညီပစ္စည်းများကိုလွှဲပြောင်းပေးအပ်ခဲ့ရာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂)၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်၍ ပစ္စည်းများလက်ခံရယူခဲ့ပြီးဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ပါသည်။




**၂၀၂၄ ခုနှစ်၊** စက်တင်ဘာလ ၁၇ **ရက်** **နေပြည်တော်**

အဆိုပါ အိန္ဒိယလေတပ်သယ်ယူ ပို့ဆောင်ရေး လေယာဉ် IL-76 ဖြင့်ခြင်ထောင်အလုံး(၁,၀၀၀)၊အသင့်စားအစားအစာထုပ် (MRE) အထုပ် (၃,၀၀၀)၊ မီးဖိုချောင်သုံး ပစ္စည်းအစုံ (၅၀၀)၊ ဆိုလာမီးအိမ် (၁,၀၀၀) ခန့်၊ မီးစက် (၂)လုံး၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်း များ (Hygiene Kits) အစုံ (၄,၀၀၀)၊ ယာယီတဲ(၁၅)လုံး၊ ရေသန့်စင်ရေးဆိုင်ရာပစ္စည်းများ ဖြစ်သည့် ကလိုရင်း ဆေးပြား၊ ပိုးသတ်ဆေး၊ Bleaching powderနှင့် ဆေးဝါးပစ္စည်းများ စုစုပေါင်းပစ္စည်းတန်ချိန် (၃၀) ကျော် ပါရှိပြီး၊ အဆိုပါ လူသားချင်းစာနာ ထောက်ထားမှု အကူအညီများ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံ ခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ထို့အပြင် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ လူသားချင်းစာနာမှု အကူအညီ ပေးရေး ညှိနှိုင်းမှုဌာန (ASEAN Coordinating Centre for Humanitarian Assistance on Disaster Management-AHA Centre)မှ ထောက်ပံ့သည့် အမေရိကန် ဒေါ်လာ ၃၃၇,၁၄၈.၉၅ ခန့်မှန်းတန်ဖိုးရှိ မိသားစုသုံးပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများ၊ မိသားစုသုံးမိုးကာတဲများ၊ တာပေါ်လင်၊ Shelter Repair Kit၊ ရေသန့်စက်များနှင့် အခြားအရေးပေါ်သုံး ပစ္စည်းများပါဝင်သော စုစုပေါင်း အလေးချိန် ၅၉,၃၆၀ ကီလိုဂရမ်ရှိ ပစ္စည်းများကို မြန်မာ အမျိုးသားလေကြောင်းလိုင်း (MNA)၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်း (MAI) တို့ဖြင့် သယ်ဆောင်လျက်ရှိရာ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် နေပြည်တော်

အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အသီးသီးဆိုက်ရောက်ခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးဒဏ်သင့်သူများအတွက် အရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မည်သူတစ်ဦး တစ်ယောက်မျှ မကျန်ရှိစေရေး “မူ” ဖြင့် ဆောင်ရွက်လျက်ရှိပြီး ရောက်ရှိလာသော ကယ်ဆယ်ရေးပစ္စည်းများကို ရေဘေးသင့်ဒေသများသို့ အမြန်ဆုံး ပို့ဆောင်ပေးခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်၊ကလောမြို့ရှိရေဘေးသင့်ပြည်သူများအားတွေ့ဆုံအားပေးခြင်း



**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်** **ရှမ်းပြည်နယ်**

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင်ရှမ်းပြည်နယ်၊ ကလောမြို့၌ ကလောချောင်းရေမြင့်တက်မှုကြောင့် ဖြစ်ပွားခဲ့သော ရေဘေးသင့်နေရာများသို့သွားရောက် ကြည့်ရှုကာ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံခဲ့ပါသည်။

ရှေးဦးစွာ ကလောမြို့ အ.ထ.က(၁)တွင် ရေဝင်ရောက်မှုကြောင့် ထိခိုက်ဆုံးရှုံးမှု အခြေအနေများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊တပ်မတော်သားများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများက ကျောင်းအတွင်း အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှု၊ ရွှံ့နွံများရှင်းလင်းနေမှုတို့အား ကြည့်ရှုစစ်ဆေးပြီး အချိုရည်နှင့်မုန့်များ ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ထို့နောက်ကလောမြို့၊မြို့မပရိယတ္တိစာသင်တိုက်သို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား သင်္ကန်းပရိက္ခရာ၊ စားသောက်ဖွယ်ရာနှင့် ဝတ္ထုငွေများ ဆပ်ကပ်လှူဒါန်းကာရေဘေးသင့်သူများအားစောင့်ရှောက်ထားရှိမှု အခြေအနေကို မေးမြန်းလျှောက်ထားခဲ့ပါသည်။

ဆက်လက်၍ ကလောခရိုင်မှ တာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် ရပ်ကွက်/ကျေးရွာများအတွင်း ရေဝင်ရောက်မှုနှင့် လူနေအိမ်များ ထိခိုက်ပြိုကျပျက်စီးမှု အခြေအနေ၊ ဌာနဆိုင်ရာရုံးများအတွင်းရေဝင်ရောက်မှုနှင့် ပျက်စီးမှုအခြေအနေ၊ ပြည်ထောင်စု လမ်းမကြီးပြိုကျပျက်စီးမှုအခြေအနေ၊ မိုးသည်းထန်စွာရွာသွန်းနေစဉ် ပြည်သူများအား ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်ခဲ့မှုနှင့် ရေကျပြီးချိန်တွင် အပျက်အစီးရှင်းလင်းရေးနှင့် ကနဦးထူထောင် ရေးဆောင်ရွက်နေမှု၊ ပြည်နယ်အစိုးရအဖွဲ့နှင့်

စေတနာရှင်များက ရေဘေးသင့်သူများအား ထောက်ပံ့ကူညီမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ပြည်နယ်ဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများ ယာယီရေဘေးရှောင်စခန်းတွင် စားသောက်နေထိုင်မှုအခြေအနေ၊ သောက်သုံးရေရရှိစေရန် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ အပျက်အစီးနှင့် ရွှံ့နွံများရှင်းလင်းဖယ်ရှားပြီး မိမိနေအိမ်များသို့ အမြန်ဆုံး ပြန်လည်နေထိုင်နိုင်ရန် ဆောင်ရွက်ရမည့် အခြေအနေများနှင့် ကျောင်းနေအရွယ် ကလေးများ အမြန်ဆုံး ကျောင်းပြန်တက်ရောက်နိုင်ရေး မိဘပြည်သူများကပါ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကလောမြို့နယ်တွင် ဖွင့်လှစ်ထားသည့် ယာယီရေဘေးရှောင်စခန်း(၁၂)ခုမှ အိမ်ထောင်စု(၁၄၅)စု၊ ရေဘေးသင့်သူ(၅၃၂)ဦးအတွက် ဆန်ရိက္ခာဖိုးနှင့် ကယ်ဆယ်ရေး ပစ္စည်းများ၊ စားနပ်ရိက္ခာများအား ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် တို့က ထောက်ပံ့ပေးအပ်ခဲ့ပါသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကလောချောင်း ရေစီးရေလာအားနည်းမှုကြောင့် ရေကြီးရေလျှံခြင်းနှင့် ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေမှုကို သွားရောက်ကြည့်ရှုကြရာ တာဝန်ရှိသူများက ကလောချောင်းအတွင်းသို့ချောင်းဘေးဝဲယာတွင် နေထိုင်သူများကရေနည်းချိန်၌မြေဖို့ကျူးကျော်ခြင်းကြောင့် ချောင်းအလွန်ကျဉ်းမြောင်းသွားခဲ့မှု၊ ချောင်းအတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းကြောင့်ချောင်းတိမ်ကောလာမှု၊ တံတားများအား ခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ စိတ်ကြိုက်ပုံစံဖြင့်ဆောက်လုပ်ထားမှုများကြောင့် တောင်ကျရေစီးချိန်၌ ရေစီးနှောင့်နှေးခဲ့မှု၊ နောင်နှစ်များတွင် အလားတူမဖြစ်စေရေး မူလချောင်းနယ်နိမိတ်အတိုင်းဖြစ်စေရေး ဆောင်ရွက်မည့်လျာထား အစီအစဉ်တို့ကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်လျှော့ပါးရေးအတွက်ဆောင်ရွက်သင့်သည်တို့ကို အကြံပြုမှာကြားခဲ့ပါသည်။

ရေဘေးသင့်ပြည်သူများအား စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် စားသောက်ဖွယ်ရာများ နေ့စဉ်လှူဒါန်းလျက်ရှိရာ ၁၄-၉-၂၀၂၄ ရက်တွင် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး(ငြိမ်း)နှင့် ဇနီးဒေါ်မြမြစန်း မိသားစုမှ ဥပါတသန္တိစေတီတော်မြတ်ကြီးရှေ့ တပေါင်းကွင်းရှိ ရေဘေးသင့်ပြည်သူများအား နေ့လည်စာထမင်းဗူး (၃၀၀)ဗူး သွားရောက်လှူဒါန်းခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးခြင်း




**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်** **နေပြည်တော်**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၂)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၅) ရက်နေ့တွင် တပ်ကုန်းမြို့နယ် အောင်ဆန်းခန်းမသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၌ ရေဘေးဖြစ်ပွားခဲ့မှု အခြေအနေ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် အညီ ပံ့ပိုးထောက်ပံ့မည့် အခြေအနေ၊ သဘာဝဘေးလျော့ပါးရေးနှင့် ထိခိုက်ဆုံးရှုံး နိုင်ခြေလျော့ချရေးတို့အတွက် အသိပညာရရှိစေရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့က လိုက်ပါဆောင်ရွက်စေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ရေကြီးရေလျှံမှုကြောင့် တပ်ကုန်းမြို့နယ်တွင် ထိခိုက်ဆုံးရှုံးခဲ့မှု၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပုံမှန်ဖြစ်စေရေး ဆောင်ရွက်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အသက်မွေးဝမ်းကျောင်းကဏ္ဍများအတွက် နိုင်ငံတော်က ထောက်ပံ့ ကူညီရန် လျာထားဆောင်ရွက်နေမှုများအား ရှင်းလင်းမှာကြားကာ ခင်ခင်မင်မင် တွေ့ဆုံအားပေး ခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ၊ အဝတ်အထည်များ၊ ဆန်၊ ခေါက်ဆွဲခြောက်နှင့် ရေသန့်များအား ထောက်ပံ့ခဲ့ပါသည်။

**ဒုတိယဝန်ကြီး ဦးစိုးကြည် တောင်ငူမြို့ရှိ ရေဘေးရှောင်စခန်းများကို ကြည့်ရှုစစ်ဆေးခြင်း**




**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်** **ပဲခူးတိုင်းဒေသကြီး**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့တွင် တောင်ငူခရိုင် စီမံခန့်ခွဲရေးအဖွဲ့ရုံး၊ ဘုရင့်နောင်ခန်းမတွင် ၁၁.၉.၂၀၂၄ ရက်နေ့ကစ၍ စစ်တောင်းမြစ်ရေ မြင့်တက်လာမှုကြောင့် တောင်ငူမြို့အတွင်းရှိ ကယ်ဆယ်ရေးစခန်း (၁၇) ခု၊ ရေတာရှည်မြို့တွင်စခန်း (၁၁)ခု၊ ထန်းတပင်မြို့တွင် (၃)ခု၊ အုတ်တွင်းမြို့တွင် (၁) ခု စုစုပေါင်း ရေဘေးရှောင်စခန်း (၃၂) ခု၊ အိမ်ထောင်စု (၄၂၃၄) စု၊ လူဦးရေ (၁၆၅၃၉) တို့အတွက် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်၍ စောင့်ရှောက်ထားမှု အခြေအနေနှင့် စစ်တောင်းမြစ်ရေ ထပ်မံတိုးလာပါက ရွှေ့ပြောင်းရမည့် အနိမ့်ပိုင်း ရပ်ကွက်များရှိ ပြည်သူများအား ကြိုတင်အသိပေးရေး၊ အချိန်မီ ရွှေ့ပြောင်းနိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စနစ်တကျ စုဖွဲ့ထားရှိရေး၊ ဖွင့်လှစ်ထားသည့် စခန်းများမှပြည်သူများအား

စနစ်တကျ နေရာချထားကျွေးမွေးမှုစီမံဆောင်ရွက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုပေးရေး စသည်များအတွက် လိုအပ်သောဆပ်ကော်မတီများအား စနစ်တကျဖွဲ့စည်း ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြပါသည်။

ထို့နောက် ရွှေဂူကြီး ရေဘေးရှောင်စခန်း၊ အ.ထ.က (၆) ရေဘေးရှောင်စခန်း၊ အ.ထ.က (၅) ရေဘေး ရှောင်စခန်း၊ လောကုတ္တရာဘုန်းကြီးကျောင်း ရေဘေး ရှောင် စခန်းများသို့ သွားရောက်၍ အိမ်ထောင်စု (၆၁၂) စုမှ လူဦးရေ (၂၁၀၆) ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၈၈၄၅၂၀၀ ကျပ်နှင့် ခေါက်ဆွဲခြောက်ဖိုးငွေကျပ် ၁၂၆၃၆၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၁၀၈၈၀၀ တို့ကို ထောက်ပံ့ပေးခဲ့ပါသည်။

## အသက်(၃)နှစ်မှ (၅)နှစ် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်လှစ်ခြင်း



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊လူမှုဝန်ထမ်းဦးစီးဌာနမွန်ပြည်နယ် လူမှုဝန်ထမ်းရုံးမှကြီးမှူးပြီး အသက်(၃)နှစ်မှ (၅)နှစ် ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းကို ၁၅.၈.၂၀၂၄ ရက် မှ ၁၂.၉.၂၀၂၄ရက်ထိ သင်တန်းသား (၃၀)ဦးဖြင့် မော်လမြိုင်မြို့၊ မွန်ပြည်နယ် လူမှုဝန်ထမ်းရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို ၁၂.၉.၂၀၂၄ ရက်၊ နံနက် (၈:၃၀) နာရီအချိန်တွင် ကျင်းပခဲ့ရာ ရှေးဦး အရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်း မွန်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊လူမှုရေးရာ ဝန်ကြီး ဦးစောကြည်နိုင်မှ တက်ရောက်၍ အဖွင့်အမှာ စကား ပြောကြားခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## ဧရာဝတီတိုင်းဒေသကြီးတွင် ကလေးသူငယ်အသိပညာပေး ဟောပြောပွဲကျင်းပခြင်း

ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ကလေးသူငယ်အသိပညာပေး ဟောပြောပွဲကို(၄.၉.၂၀၂၄) ရက်တွင် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ် အ.ထ.က (တကုန်းကြီး)၌ ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးက လူမှုဝန်ထမ်း ဦးစီးဌာန၏ ဝန်ဆောင်မှုများ၊ ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ ဥပဒေအကြောင်းများကို ဟောပြောဆွေးနွေး ခဲ့ပြီး ဟောပြောပွဲသို့ ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်းများမှ ဆရာ/ ဆရာမ (၇၀) ဦး တက်ရောက်ခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီးတွင် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီအစည်းအဝေးကျင်းပခြင်း



ဧရာဝတီတိုင်းဒေသကြီး သက်ကြီးရွယ်အိုများ ဆိုင်ရာ ကော်မတီ အစည်းအဝေးကို (၉.၉.၂၀၂၄) ရက်တွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ လူမှုရေးရာ ဝန်ကြီး တက်ရောက်၍ အဖွင့်အမှာစကားပြောကြား ခဲ့ပါသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ သက်ကြီး ရွယ်အိုများဆိုင်ရာကော်မတီအတွင်းရေးမှူး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူးက ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာသော ကော်မတီအဖွဲ့ဝင်များမှ ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် ရေဝတီတိုင်းဒေသကြီး သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ပါသည်။

## ရေဝတီတိုင်းဒေသကြီးတွင် ကလေးသူငယ်အသိပညာပေး ဟောပြောပွဲပြုလုပ်ခြင်း




ရေဝတီတိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှကလေးသူငယ်အသိပညာပေး ဟောပြောပွဲကို (၁၀.၉.၂၀၂၄) ရက်တွင် ပုသိမ်အိမ်တွင်းမှု လုပ်ငန်းသက်မွေးလုပ်ငန်းပညာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပြီး တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူးက လူမှုဝန်ထမ်းဦးစီးဌာန၏ဝန်ဆောင်မှုများ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်းများကို ဟောပြောဆွေးနွေးခဲ့ကြပြီး ဟောပြောပွဲသို့ ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ အတွင်းရှိ မူလတန်းကျောင်းများမှ ဆရာ/ဆရာမ (၆၀) ဦး တက်ရောက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း သဘာဝဘေးအသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း

(၄-၉-၂၀၂၄) ရက်နေ့တွင် လှိုင်လင်မြို့နယ် ဦးစီးမှူးရုံးမှ လှိုင်လင်မြို့နယ်၊ အ.ထ.က (၂) ၊ အ.ထ.က (၃)၊ အ.ထ.က (ယန်းလူး) ၊ အ.မ.က (ကချင်ရွာ)၊အ.လ.က (၁) တို့၌ ဆရာ/ ဆရာမများနှင့် ကျောင်းသား/သူများ စုစုပေါင်း (၁၀၂၇) ဦးခန့်အားလည်းကောင်း၊ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရန်/ရှောင်ရန် အချက်များအား အသိပညာပေး ဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း တို့ကို ဆောင်ရွက်ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်ခြင်း



(၁၃-၉-၂၀၂၄)ရက်နေ့တွင်ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့၊ အောင်ဟိတ် ကျေးရွာအုပ်စု၊ ချောင်းဖျားကြီး (အမက) စာသင်ကျောင်း ၌ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အား ကြိုဆိုသောအနေဖြင့် မျိုးဆက်သစ် ကျောင်းနေ အရွယ်ကလေးများနှင့် လူငယ်များရေဘေး အန္တရာယ်အားသိရှိစေရန် ကြိုတင်ပြင်ဆင်ခြင်းနှင့်ထိခိုက်မှု လျော့နည်းသက်သာစေရေးအတွက် ရေဘေးသဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့ဝင်များကြက်ခြေနီတပ်ဖွဲ့ဝင်များ၊(အမက)ချောင်းဖျားကြီးမှ ဆရာ/ဆရာမများ နှင့် ကျောင်းသား/ ကျောင်းသူများ၊

ကျေးရွာအဖွဲ့အစည်းများ၊ ကျေးရွာနေပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း မီးဘေးထောက်ပံ့မှုသတင်း



(၁၀-၉-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်း ဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မဲကင်းကုန်းကျေးရွာအုပ်စု၊တဲကုန်းကျေးရွာနှင့်(၂၁-၉-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ်(၃) ရပ်ကွက်၊ ငှက်ပစ်တောင်ရပ်ရှိ၊ ငှက်ကြီးခေါင်းချကျောင်း၌ မီးဘေးဖြစ်ပွားခဲ့မှုကြောင့် လုံးဝပျက်စီးခဲ့သော ကျောင်းဆောင် (၁) လုံးအတွက် ကျောင်းဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ပျက်စီးနေအိမ်များ၊ သေဆုံးသူများ၊ ဘေးသင့်သူများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်းတို့ကို မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံးမှလည်းကောင်း၊ (၂၂-၉-၂၀၂၄) ရက်နေ့တွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ်၊ စည်ပင်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်ကြီးကျေးရွာတွင် မီးဘေးဖြစ်ပွားခဲ့မှုကြောင့် ပျက်စီးနေအိမ်များ၊ သေဆုံးသူများ၊ ဘေးသင့်သူများအတွက် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းတို့ကို ဥတ္တရခရိုင်ဦးစီးမှူးရုံးမှလည်းကောင်း သွားရောက်ထောက်ပံ့ခဲ့ပါသည်။



## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း ရေဘေးထောက်ပံ့မှုသတင်း



၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း တောင်တရုတ်ပင်လယ်၌ ဖြစ်ပွားခဲ့သော ရာဂီတိုင်ဖွန်း မုန်တိုင်း၏ သက်ရောက်မှုကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် တို့အတွင်းရှိ ရေဘေးဒဏ်ခံစားခဲ့ရသည့် ဒေသများအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ၊ ကယ်ဆယ်ရေး ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း လေဘေးထောက်ပံ့မှုသတင်း

(၁၂-၉-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ သီရိမင်္ဂလာရပ်နှင့် သာယာဝတီရပ် (လယ်) တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးလူနေအိမ်အတွက်အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို ညောင်ဦးခရိုင်ဦးစီး မှူးရုံးမှလည်းကောင်း၊ (၂၀-၉-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရပ်ကွက် (၂) ရပ်ကွက်၌ လေပြင်းတိုက်ခတ်မှုကြောင့်ပျက်စီးလူနေအိမ်အတွက်အိမ်ဆောက်

ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို မလှိုင်မြို့နယ်ဦးစီးမှူးရုံးမှ လည်းကောင်း သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၂၁-၉-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက် (၅) ရပ်ကွက်၌ လေပြင်းတိုက်ခတ်မှုကြောင့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီး လူနေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများ အတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို ညောင်ဦးခရိုင်ဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။



(၁၂-၉-၂၀၂၄) ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ အမှတ် (၇) ရပ်ကွက်၌ လေပြင်းတိုက်ခတ်မှု ကြောင့် ပျက်စီးလူနေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုး တို့ကို ချောက်မြို့နယ်ဦးစီးမှူးရုံးမှလည်းကောင်း၊ (၁၂-၉-၂၀၂၄) ရက်နေ့မှ (၁၄-၉-၂၀၂၄) ရက်နေ့အထိ မကွေးတိုင်း ဒေသကြီး၊ တောင်တွင်းကြီး မြို့နယ်၊ အုပ်စု (၃)စု၊ ကျေးရွာ (၃)ရွာ၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးလူနေအိမ် အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ ဘေးသင့်သူ များအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုး တို့ကို မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ လည်းကောင်း သွားရောက်ထောက်ပံ့ခဲ့ပါသည်။




(၁၇-၉-၂၀၂၄) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး အတွင်းရှိ၊ ပြည်မြို့နယ်၊ ရွာဘဲရပ်ကွက်နှင့် ကြာအင်း ကျေးရွာအုပ်စု၊ ပေါက်တောကျေးရွာနှင့် ရွှေတောင်မြို့နယ်၊ ဝါးတောကျေးရွာအုပ်စု၊ ဘို့လည်ကုန်းကျေးရွာတို့၌ လေပြင်းတိုက်ခတ်မှုကြောင့်ပျက်စီးလူနေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများ အတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို ပြည်ခရိုင်ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။



(၂၁-၉-၂၀၂၄) ရက်နေ့တွင်မကွေးတိုင်းဒေသကြီး၊ အောင်မင်္ဂလာရပ်ကွက်နှင့် မကွေးမြို့၊ ကံသားကြီးကျေးရွာ တို့၌ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးလူနေအိမ် အတွက် အိမ်ဆောက် ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့် သူများအတွက်ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း ကမ်းပြိုဘေးထောက်ပံ့မှုသတင်း





(၃-၉-၂၀၂၄) ရက်နေ့နှင့် (၁၆-၉-၂၀၂၄) ရက်နေ့တို့တွင် ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ ကော့လိုက်ကျေးရွာအုပ်စု၊ ကော့လိုက်ကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းပြီး ကမ်းပါးပြိုကျမှုကြောင့် ပျက်စီး လူနေအိမ် အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို ဘားအံခရိုင် ဦးစီးမှူးရုံးမှ လည်းကောင်း၊(၁၇-၉-၂၀၂၄)ရက်နေ့တွင်လှိုင်းဘွဲ့မြို့နယ်၊ ရွှေဂွန်း ကျေးရွာအုပ်စု၌ မိုးသည်းထန်စွာ ရွာသွန်းပြီး သံလွင်မြစ်ရေမြင့်တက်လာ၍ ကမ်းပါးပြိုကျမှု ကြောင့် ပျက်စီးလူနေအိမ် အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို လှိုင်းဘွဲ့ မြို့နယ်ဦးစီးမှူးရုံးမှလည်းကောင်း သွားရောက် ထောက်ပံ့ခဲ့ပါသည်။

(၁၆-၉-၂၀၂၄) ရက်နေ့တွင် ရွှေတောင်မြို့နယ်၊ ရှားပင်ကုန်း ကျေးရွာအုပ်စု၊ ဆင်ကျွန်းကျေးရွာနှင့် ရွှေဟင်္သာအုပ်စု၊ စကားမြားကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ဧရာဝတီမြစ်ရေမြင့်တက်လာ၍ ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးလူနေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့်ကယ်ဆယ်ရေးပစ္စည်း(၁၆)မျိုးတို့ကိုပြည်ခရိုင်ဦးစီးမှူးရုံးမှလည်းကောင်း၊ (၁၁-၉-၂၀၂၄)ရက်နေ့တွင် ရေကြည်မြို့နယ်၊ ကမ်းနီကျေးရွာအုပ်စု၊ မအူကုန်း ကျေးရွာ၌ ကမ်းပါးပြိုကျမှုကြောင့် ပျက်စီးလူနေအိမ် အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေး ပစ္စည်း (၁၆) မျိုးတို့ကို ရေကြည်မြို့နယ် ဦးစီးမှူးရုံးမှ လည်းကောင်း သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း မြေပြိုဘေးထောက်ပံ့မှုသတင်း

(၁၁-၉-၂၀၂၄) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ်၊ ကျောက္ကချားကျေးရွာ၌ မိုးသည်း ထန်စွာရွာသွန်းပြီး မြေပြိုကျမှုကြောင့် သေဆုံးထောက်ပံ့ငွေ၊ ဒဏ်ရာရ ထောက်ပံ့ငွေတို့ကို ဟိုပုံးမြို့နယ်ဦးစီးမှူးရုံးမှလည်းကောင်း၊ (၁၁-၉-၂၀၂၄) ရက်နေ့တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ဒါဝါလော်ချီးကျေးရွာအုပ်စု၊ လေလော်ဒေး ကျေးရွာနှင့် သံတောင်ကြီးမြို့နယ်၊ လိပ်သိုမြို့၊ အလယ်ချောင်းအောက်ကျေးရွာ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုကျမှုကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုကျမှုကြောင့် ပျက်စီးလူနေအိမ်အတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ၊ သေဆုံးထောက်ပံ့ငွေ၊ ဒဏ်ရာရ ထောက်ပံ့ငွေ ဘေးသင့်သူများအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆) မျိုးတို့ကို သံတောင်ကြီးမြို့နယ် ဦးစီးမှူးရုံးမှ လည်းကောင်း သွားရောက်ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း ဆင်ရိုင်းဘေးထောက်ပံ့မှုသတင်း

(၉-၈-၂၀၂၄) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ဂျီအီးမြရတနာလမ်းအတွင်း၌ တောဆင်ရိုင်းဝင်ရောက်ဖျက်ဆီးမှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၁၀၀,၀၀၀/-)၊ လုံးဝပျက်စီးနေအိမ် (၂) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၂၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၂၀)ဦးအတွက် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် (၄၂,၀၀၀/-)နှင့် သေဆုံးလူဦးရေ (၁) ဦးအတွက် သေဆုံးထောက်ပံ့ငွေကျပ် (၃၀၀,၀၀၀/-) တို့ကို (၂၀-၈-၂၀၂၄) ရက်နေ့တွင်ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ သွားရောက်ထောက်ပံ့ခဲ့ပါသည်။

(၁၂-၈-၂၀၂၄) ရက်နေ့နှင့် (၂၉-၈-၂၀၂၄) ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ လူသန့်အင်းလမ်းအတွင်း၌ တောဆင်ရိုင်းဝင်ရောက် ဖျက်ဆီးမှုကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ် (၉) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် (၄၅၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၃၆) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ ငွေကျပ် (၇၅,၆၀၀/-) တို့ကို (၂၀-၈-၂၀၂၄) ရက်နေ့နှင့် (၅-၉-၂၀၂၄) ရက်နေ့တို့တွင် ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ သွားရောက် ထောက်ပံ့ခဲ့ပါသည်။

## ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ၂၀၂၄ခုနှစ်၊ စက်တင်ဘာလအတွင်း ထူးခြားဖြစ်စဉ်ဘေးထောက်ပံ့မှုသတင်း

(၁၅-၇-၂၀၂၄) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ဇီးပင် ကန်ကျေးရွာအုပ်စု၊ ကျောက်ကန်ကျေးရွာ၌ အကြမ်းဖက်များ မီးရှို့တိုက်ခိုက်မှုကြောင့် မီးဘေးသင့်ခဲ့သည့် လုံးဝပျက်စီးနေအိမ် (၂၂၄) လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေကျပ် (၃၀,၆၀၀,၀၀၀/-)၊ ဘေးသင့်လူဦးရေ (၈၉၇) ဦးအတွက် ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် (၁,၈၈၃,၇၀၀/-) နှင့် ကယ်ဆယ်ရေးပစ္စည်း (၁၆)မျိုးတို့ကို (၂၄-၉-၂၀၂၄) ရက်နေ့တွင် မြင်းခြံခရိုင်ဦးစီးမှူးရုံးမှသွားရောက်ထောက်ပံ့ခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(မန္တလေး)မှ စခန်းအခြေပြုပြန်လည် ထူထောင်ရေးသင်တန်း ဆင်းပွဲအခမ်းအနားကျင်းပခြင်း




(၆-၉-၂၀၂၄)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီတွင် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)တွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၄) ဆင်းပွဲအခမ်းအနားကို အောင်မြေသာစံမြို့နယ်၊ ၇၃ လမ်း၊ ၁၀ လမ်းနှင့် ၁၂ လမ်းကြားရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)၌ ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဦးက သင်တန်းဆင်းအမှာ စကားပြောကြား ခဲ့ပါသည်။



အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန၊ ယာယီလက်ခံ စောင့်ရှောက်ရေး

ဂေဟာ (မန္တလေး)၊ မန္တလေးလူငယ်သင်တန်းကျောင်း၊ အမှတ် (၁၇) မူးယစ်အထူးတပ်ဖွဲ့စု၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို) ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး၊ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(MANA)၊ သတင်းနှင့် မီဒီယာများ၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (မန္တလေး)မှ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသားများ စုစုပေါင်း(၃၈)ဦးခန့် တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို နံနက် (၁၁:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည်ထူထောင်ရေးစခန်း(တာချီလိတ်)၌ စခန်းအခြေပြုပြန်လည် ထူထောင်ရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကျင်းပခြင်း



၂၇-၉-၂၀၂၄ ရက်နေ့၊ နံနက်(၀၉:၀၀)နာရီ အချိန်တွင် စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲအခမ်းအနားကို မူးယစ်ဆေးဖြတ်ပြီးသူများပြန်လည် ထူထောင်ရေးစခန်း (တာချီလိတ်)၌ ကျင်းပခဲ့ရာ ခရိုင်လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး၊ ဒေါ်ရီရီခိုင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းသားများနှင့် သင်တန်းသားမိသားစုဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်း(၄၀)ဦးခန့် တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲအခမ်းအနားကို နံနက်(၁၀:၀၀) နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်** **နေပြည်တော်**

အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁၃) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး

ဌာန၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (DMC)၌ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌကိုယ်စား၊ အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်နှင့်အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၂)၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူ များ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအတွင်း ဖြစ်ပေါ်လျက်ရှိသော တောင်တရုတ်ပင်လယ်အတွင်းရှိ တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ အရှိန်ကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်း အရှိန်ကြောင့် လည်းကောင်း တိုင်းဒေသကြီး/ပြည်နယ် အချို့မှာ ရေကြီးရေလျှံမှုများ ကြောင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ ရေကြီးသည်နှင့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့များ၊ တပ်မတော်သားများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများကလည်း ကယ်ဆယ်ရေး လုပ်ငန်းများ ကြိုးစားဆောင်ရွက်ခဲ့ကြ ကြောင်း၊ ဆက်လက်၍ နေအိမ်၊ လမ်းတံတား၊ အခြေခံ အဆောက်အဦပျက်စီးမှုများ၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်ထူထောင်ရေးကိုလည်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း၊ ရေဘေးသင့်သူများအတွက် လိုအပ်သော ထောက်ပံ့ကူညီမှုများ ကဏ္ဍအလိုက် ထိခိုက် ပျက်စီးမှုများကို အထက်အဆင့်ဆင့်သို့ အချိန်နှင့် တစ်ပြေးညီ တင်ပြခြင်း၊လမ်းညွှန်မှုခံယူအကောင်အထည် ဖော်ခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာနများက ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပေးစေလို ကြောင်းပြောကြားခဲ့ပါသည်။

ယင်းနောက် အမျိုးသားသဘာဝဘေး အန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ(၂)၊လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြစ်ပွားနေသော ရေကြီးရေလျှံမှု များနှင့်စပ်လျဉ်း၍ တုံ့ပြန်ဆောင်ရွက်မှုများ၊ ASEAN Coordinating Center for Humanitarian Assistance on Disaster Management- AHA Center မှ လူသားချင်း စာနာထောက်ထားမှု အကူအညီများ ပေးပို့မည့်ကိစ္စ ရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပါသည်။

